## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၉၁)

၁၃၅၂ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်

(၁၉၉၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၁၉၉၁-၉၂ စည်းကြပ်နှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ အမြတ်ခွန်ဥပဒေပုဒ်မ ၅ တွင် အောက်ပါပုဒ်မခွဲကို ပုဒ်မခွဲ(ဂ)အဖြစ် ဖြည့်စွက်ရမည် -

(ဂ) နိုင်ငံတော်အဖွဲ့အစည်းအဆင့်ဆင့်က ကမကထပြုသော သို့မဟုတ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဤပုဒ်မခွဲပါ ကိစ္စအလို့ငှာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အသိအမှတ်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ယင်းကိစ္စများဆိုင်ရာ ရန်ပုံငွေတစ်ရပ်ရပ်သို့ လှူဒါန်းထည့်ဝင်ငွေကို စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် အခွန်တွက်ချက်ရမည်။ သို့ရာတွင် ယင်းသို့နုတ်ပယ်သည့်ငွေသည် အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေ၏ နှစ်ဆယ့်ငါးရာခိုင်နှုန်းနှင့်ညီမျှသော ငွေထက်မပိုစေရ။

ရှင်းလင်းချက်။ ကုသိုလ်ရေးဆိုရာတွင် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများအား ကယ်ဆယ်စောင့်ရှောက်ရေးစသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများ ပါဝင်သည်။

၄။ (က) အမြတ်ခွန်ဥပဒေ၏ နောက်ဆက်တွဲဇယားအပိုဒ် ၁ တွင်ပါရှိသော အနည်းဆုံးဝင်ငွေ "ကျပ် ၈၀၀၁" ဆိုသည့် စကားရပ်ကို "ကျပ် ၁၀၀၀၁"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်၊

(ခ) အမြတ်ခွန်ဥပဒေ၏ နောက်ဆက်တွဲ ဇယားအပိုဒ် ၁ အောက်ရှိ ဝင်ငွေအတန်းအစားအလိုက် ကျသင့်သော အခွန်ဇယားပါ ဝင်ငွေ"ကျပ် ၈၀၀၁ မှ ကျပ် ၁၀၀၀၀ ထိ ကျသင့်သော အခွန်ကျပ် ၂၄၀" ဆိုသည့် စကားရပ်များကို ပယ်ဖျက်ရမည်။